# သာမန်ကာလ သတ္တမတနင်္ဂနွေနေ့

ရှင်လုကာ ၆း၂၇-၃၈

ယနေ့ဖတ်ရတဲ့ပထမကျမ်း ပရောဖက် ဆာမူအဲလ် အခဏ်းကြီး ၂၆ မှာ ဒါဝိဒ်ကို မနာလိုလို့ လိုက်သတ်နေတဲ့ ဧောလူးမင်းကို ဒါဝိဒ်က သတ်ဖို့ အခွင့်အရေးကြုံပေမဲ့ မသတ်ဘူးဆိုတာ သိရပါတယ်။ ဘာဖြစ်လို့ မသတ်တာလဲဆိုတော့ ဧောလူးမင်းဟာ ဘုရားထံမှ ဘိသိက်ခံယူတဲ့သူ ဖြစ်လို့ပါပဲ။ ဘုရားသခင်က ဘိသိက်ပေးပြီး ဘုရင်ခန့်ထားတဲ့သူကို ဒါဝိဒ်က မထိခိုက်ချင်ပါဘူး။ ထိခိုက်ရင် အပြစ်ရောက်မှာ စိုးလို့ပါ။ ဘုရားသခင် ဘိသိက်ပေးထားတဲ့သူကို ဒါဝိဒ်က ဘယ်လောက်တောင် လေးစားသလဲဆိုတာ ကျနော်တို့ သိရပါတယ်။ ဘုရားက ဘိသိက်ပေးထားတဲ့ဧောလူးမင်းက ကောင်းသလားဆိုတော့လည်း မကောင်းပါဘူး။ ဧောလူးမင်းက သူ့အတွက် ရန်သူတွေကို တိုက်ခိုက်ပေးနေတဲ့ဒါဝိဒ်ကို ကျေးဇူးတင်ရမည့်အစား အခု မနာလိုနေတယ်လေ။ ဧောလူးမင်းက မကောင်းတာတောင်၊ ကိုယ့်ရန်သူဖြစ်နေတာတောင် ဒါဝိဒ်က မကောင်းမှုကို မကောင်းမှုနဲ့ မတုန့်ပြန်ပါဘူး။ ဒါဝိဒ်က ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ဖါသာနဲ့ မစီရင်ပါဘူး။ သူ မကောင်းတဲ့အတွက် ဘုရားက စီရင်ပါလိမ့်မယ်ဆိုပြီး အရာရာကို ကိုယ့်လက်ထဲမှာ မထားပဲ ဘုရားရဲ့လက်ထဲမှာ ထားပါတယ်။ “ထာဝရဘုရားသည် လူတစ်ဦးစီအား ထိုသူ၏ဖြောင့်မတ်ခြင်းနှင့် သစ္စာစောင့်သိခြင်းအတိုင်း ဆုကျေးဇူးများ ပေးသနားတော်မူပါစေ” လို့ ဒါဝိဒ်က ဆိုခဲ့ပါတယ်။

ကျနော်တို့ရဲ့ ရဟန်းတော်တွေ၊ ဆရာတော်တွေဟာ ဘုရားရဲ့ဘိသိက် ခံထားရတဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ မကောင်းရင် ဘုရားက သာမန်လူတွေထက်ကို ပိုပြီး အပြစ်ဒဏ်ပေးပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ ယေဇူးဘုရား မိန့်တော်မူထားတာက “ကျေးဇူးများစွာ

ခံစားရသောသူတိုင်းသည် များစွာပေးဆပ်ရလိမ့်မည်။ ထို့အတူ များစွာအပ်နှံထားခြင်းခံရသောသူထံမှ များစွာအတောင်းခံရလိမ့်မည်။” (လုကာ ၁၂း၄၈)

ဒီကျမ်းပိုဒ်မှာ စောလူးမင်းက ဘယ်လောက်တောင် လေးစားစရာကောင်းသလဲဆိုတာကို ဖော်ပြချင်တာမဟုတ်ပဲ ဒါဝိဒ်က အရာရာမှာ ဘုရားကို အလေးထားတယ်၊ ရှိသေလေးစားတတ်တယ် ဆိုတာကို ဖော်ပြနေတာဖြစ်ပါတယ်။ ဒါဝိဒ်ရဲ့ဝိညာဉ်ရေးက ဘယ်လောက်တောင် မြင့်သလဲဆိုတာ သိရပါတယ်။

ဘုရားသခင် ဘိသိက်ပေးထားတဲ့သူ ကောင်းကောင်း/မကောင်းကောင်း ငါကတော့ မစီရင်ဘူး။ ဘုရားက စီရင်လိမ့်မယ်၊ အချိန်တန်ရင် သူ့ကို ဘုရားက ဖယ်ရှားပါလိမ့်မယ်။ ဒါကို ငါယုံတယ်ဆိုတာ ဒါဝိဒ်ရဲ့ဝိညာဉ်ရေး ပါပဲ။ ရန်ငြိုးနဲ့ မတုန့်ပြန်ဘူး။ ခွင့်လွှတ်တယ်၊ သနားတယ်။ ယေဖူးဘုရားလိုပါပဲ။ ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာထဲကလို ရန်သူကို ချစ်တယ်။ ကိုယ့်အပေါ် မကောင်းတဲ့သူတွေအဖို့ မေတ္တာပို့ရမယ်ဆိုတဲ့ ဘုရားရဲ့တရားတော်လိုပါပဲ။ လက်စားချေချင်တဲ့ကိုယ့်ဆန္ဒကို ဘေးချိတ်ပြီး ဘုရားအလိုကို လိုက်ရပါမယ်။ ဒါဟာ ကျနော်တို့ရဲ့ဝိညာဉ်ရေးပဲ ဖြစ်ရပါမယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်ရိန့်သု(ပ) ၁၅ မှာ ပထမဦးဆုံးလူသားအာဒမ်လို လူ့သဘာဝ/လူ့အကြိုက်အတိုင်း မနေထိုင်ပဲ နောက်ဆုံးသောအာဒမ်-ခရစ်တော်လို အသက်ပေးသောဝိညာဉ်တော်အတိုင်း နေထိုင်ရပါမယ်။ လူ့သဘောသဘာဝအတိုင်း နေထိုင်ရင်တော့ ရန်သူကို ရန်သူလို့ပဲ သဘောထားရပါလိမ့်မယ်။ ဒါက လူ့ရဲ့ပင်ကိုယ် သဘာဝပါ။ လူ့သဘာဝအရ ကိုယ့်ကို ချစ်တဲ့လူကိုပဲ ကိုယ်က ပြန်ချစ်တယ်။ ကိုယ့်ကို ပြန်လည်ကျေးဇူးဆပ်လိမ့်မယ့်သူတွေကိုပဲ ကိုယ်က

ကျေးဇူးပြုတတ်ကြတယ် မဟုတ်လား။ ဒါပေမဲ့ ခရစ်တော်အားဖြင့် ကျနော်တို့ လူသားတွေက ဘုရားရဲ့အလိုအတိုင်း ချစ်တတ်နိုင်ပါလိမ့်မယ်၊ ခွင့်လွှတ်နိုင်ကြပါလိမ့်မယ်။

အခု ကျနော်တို့ဟာ လူ့ကိုယ်ခန္ဓာ၊ လူ့အကြိုက်နဲ့ နေထိုင်နေကြပေမဲ့ ခရစ်တော်ရဲ့တရားတော်အတိုင်း ပြုပြင်ပြောင်းလဲရပါမယ်။ ဒီအခါ ခရစ်တော်က သေခြင်းကို အောင်မြင်သလို ကျနော်တို့လည်း အပြစ်ကို အောင်မြင်ပြီး ကောင်းကင်ဘုံနဲ့ဆိုင်တဲ့သူတွေလို ဖြစ်လာကြပါလိမ့်မယ်။

ကျနော်တို့ ခရစ်ယာန်တွေအနေနဲ့ ကျင့်ကြံနေထိုင်ဖို့ အခက်ဆုံးကျမ်းပိုဒ်ကတော့ ယနေ့ဖတ်ရတဲ့ "သင်၏ရန်သူကို ချစ်လော့။ ကိုယ့်အပေါ် မကောင်းတဲ့သူတို့အတွက် မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကောင်းကျိုးပြုကြလော့" ဆိုတာပါပဲ။ ဒီလိုစိတ်ထားတွေဟာ ဘုရားက ကျနော်တို့အပေါ်ထားတဲ့ စိတ်သဘောထားပါပဲ။ ဘုရားက သူကိုယ်တိုင် ကောင်းမြတ်တဲ့အတိုင်း ကျနော်တို့လူသားတွေကို ကောင်းမြတ်စေချင်တယ်။ ဘုရားက သူကိုယ်တိုင် အကြိမ်များစွာ ခွင့်လွှတ်တတ်သလို ကျနော်တို့ကိုလည်း အကြိမ်(၇၀) (၇)လီ ခွင့်လွှတ်တတ်စေချင်တယ်။ ယေရှုဘုရားက သူ့ကို သတ်တဲ့သူတွေအပေါ်မှာ "သူတို့ မသိလို့ လုပ်မိတာပါ" ဆိုပြီး နားလည်ခွင့်လွှတ်ပေးတတ်သလို ကျနော်တို့ကလည်း သူတစ်ပါးအပေါ် နားလည်ခွင့်လွှတ်ပေးစေချင်တယ်။

ဒါကြောင့် "သင်ကောင်းရင် ကျွန်ုပ် မဆိုးပါ" ဆိုတဲ့ ဆောင်ပုဒ်က ခရစ်ယာန်တရားတော်နဲ့ဆို ဆန့်ကျင်နေပါတယ်။ သင် ကောင်းကောင်း/မကောင်းကောင်း ကျွန်ုပ်ကတော့ သင့်အပေါ် ကောင်းနေမှာပါပဲ။ ကိုယ့်အတွက် အသုံးဝင်မှ၊ ကိုယ့်အတွက် အမြတ်ကျန်မှ ချစ်တာမျိုးကို မဆိုလိုပါဘူး။ ကိုယ့်ရန်သူ ဖြစ်စေ၊ တစ်စိမ်းတရံဖြစ်စေ သူတို့ ကောင်းကျိုးကို လိုလားသူ ဖြစ်နေရပါမယ်။

လူတွေက လူဆံဆံ တရားမျှတခြင်းကို တောင်းဆိုတတ်ကြတယ်။ ကိုယ့်ကို သူတစ်ပါးက ထိခိုက်လာရင်၊ ကိုယ့်ကို နစ်နာစေရင် အလျော်အစား တောင်းတတ်ကြတယ်၊ ဒါမှ တရားမျှတမှာလို့ ခံယူကြတယ်။ "ငါ့ကို နစ်နာအောင်လုပ်ရင် မင်းလည်း အဲ့ဒီအတိုင်း နစ်နာဆုံးရှုံးမှ ကြေမယ်၊ ဒါမှ တရားမျှတမယ်" လို့ ဆိုတတ်ကြပါတယ်။ ဒီနေရာမှာလည်း ဒါဝိဒ်လို "ဘုရားက စီရင်ပါလိမ့်မယ်၊" ငါက ငါ့နည်းငါ့ဟန် ငါ့စိတ်အလိုအတိုင်း မလုပ်ပဲ ဘုရားရဲ့စိတ်သဘောထားအတိုင်း ဘုရားက လုပ်လိမ့်မယ်ဆိုတာ ယုံကြည်နာခံဖို့ အရေးကြီးပါတယ်။

အဲ့လို ယုံကြည် နာခံရင် "ထိုအခါ သင်တို့ရရှိမည့် ဆုလာဘ်တော်သည် ကြီးမားလိမ့်မည်၊" ဘယ်လောက်တောင် ကြီးမားမှာပါလဲ "သင်တို့က ခွင့်လွှတ်ရင် သင်တို့ပဲ ခွင့်လွှတ်ခြင်း ခံကြရပါလိမ့်မယ်။ သင်တို့က ပေးကမ်းရင် သင်တို့ကိုလည်း ဘုရားက ပေးကမ်းပါလိမ့်မယ်။ (ဘယ်လောက်များများ ပြန်ပေးမှာပါလဲ) လှုပ်ခါ၍ ဖိသိပ်ထည့်ထားပြီး ပြည့်လျှံနေသည့်ပမာဏကို သင်တို့၏ရင်ခွင်ထဲသို့ ထည့်ပေးကြလိမ့်မည်" တဲ့။ ဒါကြောင့် လူက ကောင်းတာက နဲနဲ၊ ဘုရားက ပြန်ပေးတာက များများပါပဲ။

ဘုရားသခင်ရဲ့တရားတော်အတိုင်း ရန်သူကို ချစ်တယ်၊ ကိုယ့်အပေါ် မကောင်းတဲ့သူကိုတောင် ကိုယ်က စေတနာထားတယ်။ ခွင့်လွှတ်တယ်ဆိုတဲ့သူတွေက ဘုရားရဲ့သားသမီးတွေ ဖြစ်ကြပါတယ်။ အဲ့လို မဟုတ်ပဲ "ကိုယ့်ကို ချစ်တဲ့သူကိုပဲ ပြန်ချစ်ပြီး ကိုယ်ကို ကျေးဇူးပြန်ဆပ်မည့်သူကိုပဲ ကိုယ်က ကျေးဇူးပြုရင် ဘာများ ချီးကျူးစရာရှိသေးလဲ။ ဘာသာပတွေတောင် အဲ့ဒီလောက်တော့ ပြန်ချစ်ကြတာပါပဲ။ ကုန်ကုန်ပြောရရင် သူခိုးဓါးမြကတောင် ကိုယ့်ချစ်တဲ့လူကို ပြန်ချစ်တတ်ပါသေးတယ်။ သင်က

ဘုရားရဲ့သားသမီးလို နေထိုင်ချင်ရင် ဘုရားလိုပဲ ရန်သူရဲ့ကောင်းကျိုးကိုတောင် ထည့်စဉ်းစားတတ်ပါစေ။

ဘုရားက ကျနော်တို့ကို အဲ့ဒီလို ချစ်စေချင်တယ်၊ အဲ့ဒီလို ခွင့်လွှတ်စေချင်တယ်ဆိုတာ ဘာကြောင့်လဲ သိလား။ ကျနော်တို့ကို ကောင်းကောင်း အိပ်ပျော်စေချင်လို့ပါ၊ ဟုတ်တယ်လေ။ သူတစ်ပါးကို မခွင့်လွှတ်ပဲ ရန်ငြိုးထားနေတဲ့သူက ဘယ်လိုလုပ် အိပ်ပျော်မှာလဲ။ မုန်းတီးစိတ်နဲ့ မွန်နေတဲ့သူက ဘယ်လိုလုပ် စိတ်အေးချမ်းသာ နေထိုင်နိုင်မှာလဲ။ ဒါကြောင့်သာ ရန်သူကို ချစ်ဖို့ ဘုရားက သူ့သားသမီး ကျနော်တို့ကို သင်ပေးနေတာပါ။

ဝိညာဉ်ရေးစာပေထဲမှာ ဖတ်ရတဲ့ ကိုယ့်ရဲ့တုန့်ပြန်ချက်အရ အဆင့် ခွဲခြားထားပုံက ဒီလိုပါ။

- ကိုယ့်အပေါ် ကောင်းတဲ့သူကို ကိုယ်က မကောင်းမှုနဲ့ တုန့်ပြန်ရင် ကိုယ်က နတ်ဆိုးပါ။
- ကိုယ့်အပေါ် မကောင်းတဲ့သူကို ကိုယ်ကလည်း မကောင်းမှုနဲ့ တုန့်ပြန်ရင် ကိုယ်က တိရစ္ဆာန် ဖြစ်ပါတယ်။
- ကိုယ့်အပေါ် ကောင်းတဲ့သူကို ကိုယ်ကလည်း ကောင်းမှုနဲ့ တုန့်ပြန်ရင် ကိုယ်က လူဆန်ပါတယ်။
- ကိုယ့်အပေါ် မကောင်းတဲ့သူကို ကိုယ်က ကောင်းမှုနဲ့ တုန့်ပြန်ရင် ကိုယ်က ဘုရားရဲ့သားသမီး ပီသပါတယ် တဲ့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။